# နွေဦးအသံ
the voice of spring

7.4.2021 · Wednesday · No . 2 · Daily News Pamphlet


## ကျောင်းသားသမဂ္ဂ(၁၂၂)မှ ပေးပို့တောင်းဆိုသည့် အနာဂတ်ပညာရေးကတိပြုလွှာကို ကန့်ကွက်ရန်မရှိကြောင်းနှင့် လက်တွဲဆောင်ရွက်မည်ဟု CRPH ကြေညာ

သတင်းတို

ရင်းမြစ် – စီအာပီအိတ်ချ်မှ

## မန္တလေးကျန်းမာရေးသပိတ်စစ်ကြောင်း ဖြိုခွဲခံရသဖြင့် နှစ်ဦးအဖမ်းဆီးခံရပြီး၊ အမျိုးသားတစ်ဦးလက်မောင်းကျည်ထိမှန်ခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## အထူးလေးနက်စွာ မေတ္တာရပ်ခံတောင်းဆိုခြင်း

မတရားသဖြင့် နိုင်ငံတော် အာဏာလုယူထားသည့် စစ်သွေးကြွ အကြမ်းဖက်အုပ်စုအား အရှိန်အဟုန်မပြတ် ဆက်လက်ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊

ကျဆုံးခဲ့ရသော အာဇာနည်တို့၏ အသက်များနှင့် ဖမ်းဆီးခံ သူရဲကောင်းတို့၏ ပေးဆပ်မှုများကို လေးစားသောအားဖြင့်လည်းကောင်း၊

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလ၏ ပျော်ပွဲရွှင်ပွဲများအပါအဝင် အလှူပွဲများကျင်းပခြင်း၊ ပါဝင်ဆင်နွှဲခြင်းများ မပြုလုပ်ကြပါရန် အထူးလေးနက်စွာ မေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။

# နာကျင်မှုတွေ သွေးမတိတ် “ဆေးသပိတ်” ဆင်နွှဲနေကြ




သွေးမတိတ်သည့် ‘ဆေးသပိတ်’ ကို ပြုလုပ်ခဲ့ကြသည့် မြို့ကြီးအချို့မှ ပုံရိပ်များကို တွေ့ရစဉ် – (ဓါတ်ပုံ – စီရေ)

## ဖက်ဒရယ်တပ်ပေါင်းစု ပေါ်ပေါက်ရေးအတွက် ညီညွတ်ရေးနှင့် ငွေကြေးအဓိကလိုအပ်ဟုသိရ

သတင်းတို

ရင်းမြစ် – အာအက်ဖ်အေမှ

## မုံရွာမြို့ ပဲခူးမြို့နှင့် တန့်ဆည်မြို့တို့တွင် လူအင်အားရာချီ၍ အရှိန်မပြတ်ဆန္ဒပြခဲ့ကြ

သတင်းတို

ရင်းမြစ် – နွေဦးအသံမှ

## စစ်အုပ်စုကို ပိတ်ဆို့အရေးယူလျှင် ပြည်တွင်းစစ်ကြီးဖြစ်လာနိုင်ဟု ရုရှားပြောဆို

သတင်းတို

ရင်းမြစ် – ဘီဘီစီမှ

## ပြည်တွင်းရောက် CNN သတင်းထောက်၏ သတင်းတင်ဆက်မှု ပြည်သူ့အသံထင်ဟပ်

သတင်းတို

ရင်းမြစ် – နွေဦးအသံမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု



ဧပြီ ၆၊ ၂၀၂၁

- စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့၌ ကျေးရွာများ စုပေါင်း၍ လူအင်အား ထောင်ချီစုဝေးကာ သပိတ်စစ်ကြောင်းများ ဆက်လက်ချီတက်၍ ဆန္ဒပြခဲ့ကြ။
- ဝမ်းတွင်းမြို့၊ ပျဉ်းမနားမြို့ အပါအဝင် ထားဝယ်ခရိုင်ရှိ လောင်းလုံးမြို့နယ် အတွင်းမှ ကျေးရွာ(၃)ရွာခန့် ပူးပေါင်းပြီး ဆိုင်ကယ်သပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ သာကေတမြို့နယ်၊ ရန်အောင်လမ်းပေါ်၌ သာကေတ-ဒေါပုံ လူငယ်များက လျှပ်တပြက် သပိတ်ဆင်နွှဲမှု ပြုလုပ်ခဲ့။
- ပညာရေးစစ်ကြောင်းများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ(မန္တလေး) နှင့် ဗကသများအဖွဲ့ချုပ်မှ ကျောင်းသားကိုယ်စားလှယ်များ ပူးပေါင်း၍ ကျဆုံးသူများအတွက် ဂုဏ်ပြုအောက်မေ့ဖွယ်အခမ်းအနားပြုလုပ်ခဲ့ကြ။
- လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၌ ရပ်ကွက်ပေါင်းစုံက လူငယ်တွေ စုပေါင်းပြီး သွေးမတိတ်တဲ့ ဆေးသပိတ်ပြုလုပ်ခဲ့ကြ။
- မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသ၌ လူအင်အား ရာချီ၍ သဲသောင်ပြင် သပိတ်ပြုလုပ်ခဲ့ကြ။
- ကမာရွတ်မြို့နယ် ဖယ်ဒရယ်ကာကွယ်ရေးအဖွဲ့(K.F.D.F)ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာချက် ထုတ်ပြန်။
- မိုးကုတ်မြို့၌ လူအင်အားရာချီ၍ သပိတ်စစ်ကြောင်းချီတက်ကာ ဆန္ဒပြခဲ့ကြ။
- မြောက်ဥက္ကလာ၌ သွေးမတိတ်တဲ့ ဆေးသပိတ် ပြုလုပ်ခဲ့ကြ။
- ပခုက္ကူမြို့နယ်၊ ကမ္မမြို့၌ ပညာရေးသပိတ်စစ်ကြောင်းနှင့်အတူ ဒေသခံများက ပြည်သူ့သပိတ် ဆက်လက်ပြုလုပ်ခဲ့ကြ။
- တရုတ်ထုတ် ကုန်ပစ္စည်းများ မသုံးစွဲကြရန် မန္တလေးမြို့၌ နေ့ခင်းအချိန်တွင် MRA လူငယ် ပြောက်ကျားအဖွဲ့က ဆန္ဒပြခဲ့ကြ။
- မန္တလေးတိုင်း၊ မြစ်ငယ်မြို့ရှိ မီးရထားဝန်ထမ်းများက အရှိန်မပြတ်ဘဲ သပိတ်စစ်ကြောင်းများ ချီ၍ ဆက်လက် ဆန္ဒပြခဲ့ကြ။
- ကလေးမြို့၌ အကြမ်းဖက်ခံရပြီး ကျဆုံးသူဦးရေ (၂၀) ကျော်ရှိခဲ့ပြီဖြစ်သော်လည်း လူအင်အား ရာချီစုဝေး၍ တာဟန်းသပိတ်စစ်ကြောင်းဖြင့် ဆက်လက်ဆန္ဒပြခဲ့ကြ။
- ကချင်ပြည်၊ ဖားကန့်မြို့နယ်၌ ဆိတ်မူကျေးရွာနှင့် အောင်မြေကွက်သစ် ကျေးရွာ စုပေါင်း၍ သပိတ်စစ်ကြောင်းချီကာ ဆန္ဒပြခဲ့ကြ။
- ကျုံပျော်မြို့နယ်၊ တောကျောင်း ကျေးရွာအနီး၌ ကျေးရွာအုပ်စုလိုက် စုပေါင်း၍ ကရင်လူမျိုးများ၏ သပိတ်စစ်ကြောင်းကို လူအင်အားရာချီ၍ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ကြ။
- စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၌ လူအင်အား ရာချီစုဝေး၍ သပိတ်စစ်ကြောင်းချီကာ ဆက်လက်ဆန္ဒပြခဲ့ကြ။
- ကချင်ပြည်နယ်၊ မိုးကောင်းမြို့၌ ဧပြီ ၅ ရက်ညပိုင်းတွင် အကြမ်းဖက်စစ်အုပ်စုက သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်အတွင်းရှိ ပြည်သူတစ်ဦး ဘယ်ဘက်လက်မောင်းရင်း ထုတ်ချင်းပေါက်ကျည်ဆံထိမှန်ခဲ့ပြီး ဒဏ်ရာပြင်းထန်သဖြင့် မြစ်ကြီးနားစစ်ဆေးရုံကို လွှဲပြောင်းထားရကြောင်းသိရ။
- ရန်ကုန်၊ တောင်ဥက္ကလာပမြို့၌ အပြာရောင်အမှိုက်အိတ်များကို မိုးကာအဖြစ် ပြုလုပ်ဝတ်ဆင်ပြီး မိုးရေထဲတွင် ချီတက်သပိတ်မှောက်ခဲ့ကြ။
- ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ကသာဝင်အုပ်စု၊ ကဇင်းတောကျောင်းစု ကျေးရွာ၌ နွေဦးတော်လှန်ရေးဇီဝိတဒါန ငါးလွှတ်ဆုတောင်းပွဲ ပြုလုပ်ခဲ့ကြ။
- ပိတ်ဆို့ဖမ်းဆီးမှုတွေကြားမှ မန္တလေးမြို့ရှိ စက်မှုစုပေါင်းသပိတ် အောင်မြင်စွာ ချီတက်ဆန္ဒပြနိုင်ခဲ့။
- တာမွေ၊ ကျောက်မြောင်း၌ မိုးထဲရေထဲတွင်ပင် လမ်းလျှောက်ဆန္ဒထုတ်ဖော်မှုကို ပြုလုပ်ခဲ့ကြ။ ဦးဇာဂနာအဖမ်းဆီးခံရ။
- ဖားကန့်မြို့နယ်၊ ဟောင်ပါးအုပ်စု၊ တာမခန့်မြို့သစ်တို့၌ သပိတ်စစ်ကြောင်းများ ချီ၍ ဆန္ဒပြခဲ့ကြ။
- မတ်လ ၂၇ ရက်က မိတ္ထီလာမြို့ တံတားပေါ်၌ ကျဆုံးခဲ့သည့် ကိုထွန်းနိုင်ကို ဂုဏ်ပြုသောအားဖြင့် ဧပြီလ ၅ ရက် ညနေက ထွန်းနိုင်တံတားဟု ဆိုင်းဘုတ်တင် ဆီမီးထွန်းကာ ဂုဏ်ပြုခဲ့ကြ။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီး ဒေသ၌ ဒေသခံများက ဆန္ဒပြခဲ့ကြ။
- ရှမ်းပြည်နယ်၊ ကျောက်မဲမြို့ရှိ သပိတ်စခန်းအား မျက်ရည်ယိုဗုံး အများအပြား ပစ်ခတ်ကာ ဖြိုခွဲမှုပြုလုပ်ခဲ့။
- ဧပြီ ၅ ရက်၊ ည ၈ နာရီ၌၊ ကျောက်မဲမြို့ရှိ Asia World တိုးဂိတ်တွင် ပေါက်ကွဲမှုတခုဖြစ်ပွားခဲ့ပြီးဝန်ထမ်း၃ဦးထိခိုက်ဒဏ်ရာရခဲ့ကာ အဆောက်အဦးပျက်စီးမှုရှိခဲ့ကြောင်းသိရ။

ရင်းမြစ်–ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၅)ရက်အထိ

ကျဆုံးသူဦးရေ
- ၅၇၀ ဦး
( ကလေးငယ် ၄၇ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၂၇၂၈ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၄၄၃ ဦး

ရင်းမြစ်–အေအေပီပီမှ




စက္ကူလှေငယ်လေးများပေါ်တွင်ကျဆုံးသူများ၏ ဓါတ်ပုံတင်၍ မန္တလေး၊ ဒုဋ္ဌဝတီ မြစ်၌ အမှတ်တရ လှေလွှတ်ခဲ့ကြသည်။

**အရေးတော်ပုံ မုချ အောင်ရမည်**